# ရုပ်မြင်သံကြား ကြော်ငြာခြင်းဈေးကွက် ဆောင်းပါး

## မြန်မာနိုင်ငံ၏ရုပ်မြင်သံကြားဝန်ဆောင်မှု

မြန်မာနိုင်ငံတွင် ရုပ်မြင်သံကြားဝန်ဆောင်မှုအား ၁၉၇၉ ခုနှစ်၊ ဇွန်လ မှစတင်ကာမိတ်ဆက်ခဲ့ပြီး ရန်ကုန်မြို့တွင် စတင် စမ်းသပ်ပြသခဲ့သည်။ အစိုးရပိုင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားလိုင်းဖြစ်သော ရုပ်မြင်သံကြားရုပ်သံလိုင်း (MRTV) ကို ၁၉၈၀ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် ပထမဆုံးစတင်ထုတ်လွှင့်ပြသခဲ့ပြီး ၁၉၈၁ ခုနှစ်မှစ၍ NTSC (National Television System Committee) စံချိန်စံညွှန်းအားအသုံးပြုကာ ပုံမှန်တင်ဆက်ပြသခဲ့ပါသည်။



ယခင် မြန်မာ့ရေဒီယို နှင့် ရုပ်မြင်သံကြားအသံလွှင့်ရုံ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့

၁၉၉၀ ခုနှစ် ဝန်းကျင်တွင် အခမဲ့ထုတ်လွှင့်ပြသသော ရုပ်မြင်သံကြားလိုင်း ဈေးကွက်တွင်မြန်မာ့အသံနှင့် ရုပ်မြင်သံကြားလိုင်း(MRTV)လိုင်းတစ်ခုထဲသာ ကြည့်ရှုရန်ရွေးချယ်စရာ ရှိခဲ့ပြီး ရုပ်မြင်သံကြားစက်များသည်လည်း မြို့ပြဒေသနေရာ များရှိချမ်းသာသော မိသားစုများသာပိုင်ဆိုင်ကြပါသည်။ ထို့နောက်တွင် ရုပ်သံလိုင်းသစ်တစ်ခုဖြစ်သော မြဝတီ ရုပ်သံလိုင်းအား ထပ်မံမိတ်ဆက်ခဲ့ပါသည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားလိုင်း နှင့် မြဝတီ ရုပ်သံလိုင်း တို့မှ မြန်မာဘာသာစကားဖြင့် သတင်းများ နှင့် ဖျော်ဖြေရေးအစီအစဉ်များကို ရန်ကုန်မြို့နှင့် နေပြည်တော်မြို့တို့မှ ထုတ်လွှင့်ပြသခဲ့ပါသည်။

၂၀၀၀ခုနှစ် တွင် ပြန်ကြားရေးဝန်ကြီးဌာန မှ ပုဂ္ဂလိကကုမ္ပဏီ များအားဖက်စပ်လုပ်ကိုင်ခွင့်စတင်ပေးခဲ့ပါသည်။ ၂၀၀၄ ခုနှစ်တွင် Forever Group ကုမ္ပဏီမှ ပြန်ကြားရေးဝန်ကြီးဌာနနှင့်ဖက်စပ်ပြုကာ MRTV-4 ရုပ်သံလိုင်းကို စတင်ထုတ်လွှင့်ပြသခဲ့ပါသည်။ ရွှေသံလွင်ကုမ္ပဏီသည် Skynet ဂြိုဟ်တုရုပ်သံလိုင်းကို ၂၀၁၀ တွင်စတင် မိတ်ဆက်ခွင့်ရခဲ့ပါသည်။

ယခုလက်ရှိတွင် ရုပ်မြင်သံကြားအသံလွှင့်ဌာန ၁၁ ခုတို့ ဖြစ်သော SkyNet၊ Canel Plus၊ Forever Group၊ MRTV၊ MWD Digital၊ မဇ္ဈိမ၊ DVB TV၊ Channel K၊ YTV၊ Fortune TV နှင့် မြဝတီ တို့မှထုတ်လွှင့်ပြသနေပါသည်။ ထိုတွင် အခမဲ့ထုတ်လွှင့် ပြသနေသော ရုပ်သံလိုင်းပေါင်း (Free to Air) ၁၁ လိုင်း၊ ဒီဂျစ်တယ်အခမဲ့ရုပ်သံလိုင်းပေါင်း (Digital Free to Air) ၂၂လိုင်း၊ နှင့် အခပေးရုပ်သံလိုင်းပေါင်း (Pay TV) ၁၅၀ ကျော်တို့ဖြင့် အသီးသီးထုတ်လွှင့်ပြသနေပါသည်။

ထို ရုပ်သံလိုင်းများမှအနက် ဖော်ပြပါ (ဇယား-၁) ရုပ်သံလိုင်း ၅ လိုင်းသည် ၂၀၁၈ ခုနှစ်တွင် လူကြည့်အများဆုံး ရုပ်သံလိုင်းများဖြစ်သည်ဟု စစ်တမ်းများအရ သိရပါသည်။

| ဇယား (၁) : လူကြည့်အများဆုံး ရုပ်သံလိုင်းများ | |
|---|---|
| စဉ် | ရုပ်သံလိုင်း |
| ၁ | MRTV-4 |
| ၂ | Channel 7 |
| ၃ | MRTV |
| ၄ | Mahar |
| ၅ | MRTV Entertainment |
| ရင်းမြစ်: 2018 Consumer & Media View (CMV), Nielsen MMRD | |

## ရုပ်သံလိုင်းအသစ်များ

ပြင်သစ်အခြေစိုက် Pay TV အော်ပရေတာဖြစ်သော CANAL Plus Group နှင့် ပြည်တွင်းမှ FOREVER Group တို့ပူးပေါင်းထားသည့် CANAL Plus Myanmar FG Ltd မှ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလမှ စ၍ CANAL Plus Pay TV အားစတင် မိတ်ဆက်ခဲ့ပါသည်။

ထိုနည်းလည်းကောင်း မြန်မာ့အသံနှင့်လက်ရှိထုတ်လွှင့်နေသည့် Multi-Channel Playout System တွင် DVB-T2 စနစ်ဖြင့် အခ မဲ့ရုပ်သံလိုင်း ငါးခုအတွက် Content Provider အသစ်ငါးဖွဲ့တို့အကြား လုပ်ငန်းပူးပေါင်းဆောင် ရွက်သဘောတူစာချုပ်ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင်စတင် Mizzima Media Co.,Ltd မှ မဇ္ဈိမ ရုပ်သံလိုင်း၊ DVB Multimedia Group Co.,Ltd မှ DVB ရုပ်သံလိုင်း၊ My Multi Media Group Co.,Ltd မှ YTV ရုပ်သံလိုင်း နှင့် Fortune Broadcasting Company Limited မှ Fortune TV Digital ရုပ်သံလိုင်း၊ တို့အား တရားဝင်စတင် ထုတ်လွှင့်ပြသခဲ့ပါသည်။ KMA Telemedia Holdings Co.,Ltd မှ Channel K ရုပ်သံလိုင်းကိုလည်း စတင်မိတ်ဆက်ခဲ့ပြီး ဖြစ်ပါသည်။

အသေးစိတ်ရုပ်သံလိုင်းများ နှင့် ထုတ်လွှင့်ပြသနေသည့်ကုမ္ပဏီများကို (ဇယား-၂) တွင် အသေးစိတ် ဖော်ပြထားပါသည်။

ဇယား (၂) : မြန်မာနိုင်ငံရှိ ထုတ်လွှင့်ပြသနေသော လုပ်ငန်းများနှင့် ရုပ်သံလိုင်းများ

| စဉ်. | ရုပ်မြင်သံကြား အသံလွှင့် လုပ်ငန်း | ရုပ်မြင်သံကြား လိုင်း၏ အမှတ်တံဆိပ် | ရုပ်မြင်သံကြား လိုင်းစုစုပေါင်း | ပြည်တွင်းရှိ ကြေးကြော်ငြာ ထည့်နိုင်သော ရုပ်သံလိုင်း | နိုင်ငံခြား ရုပ်သံလိုင်း | အခမဲ့ထုတ်လွှင့် ပြပြသနေသော ရုပ်သံလိုင်း | အခမဲ့ထုတ်လွှင့် ပြပြသနေသော ဒီဂျစ်တယ် ရုပ်သံလိုင်း | Pay TV ရုပ်သံလိုင်း | ကုမ္ပဏီ အမည်/ ပိုင်ရှင် | ကုမ္ပဏီလင့်ခ် |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | SkyNet | SKY NET | ၁၁၁ | ၃၄ | ၇၇ | ၄ | ၂ | ၁၀၅ | Shwe Than Lwin Media Co.Ltd | http://www.skynetdth.com |
| ၂ | Canel Plus | CANAL+ | ၆၀ | ၁၀ | ၅၀ | ၀ | ၀ | ၆၀ | CANAL+ Myanmar FG Ltd | http://www.forevergroupmyanmar.com |
| ၃ | Forever Group | FOREVER GROUP | ၉ | ၉ | ၀ | ၄ | ၄ | ၁ | Forever Group Co.,Ltd | http://www.forevergroupmyanmar.com |
| ၄ | MRTV | MRTV | ၇ | ၇ | ၀ | ၁ | ၆ | ၀ | ပြန်ကြားရေး ဝန်ကြီးဌာန | https://www.mrtv.gov.mm |
| ၅ | MWD Digital | MWD | ၆ | ၆ | ၀ | ၁ | ၅ | ၀ | Myanmar Media United Co., Ltd. | http://www.mwd.digital |
| ၆ | MIZZIMA | mizzima news from myanmar | ၁ | ၁ | ၀ | ၀ | ၁ | ၀ | Mizzima Media Co., Ltd | http://www.mizzima.com/ |
| ၇ | DVB TV | DVB | ၁ | ၁ | ၀ | ၀ | ၁ | ၀ | DVB Multimedia Group Co.,Ltd | http://burmese.dvb.no |
| ၈ | Channel K | channel K | ၁ | ၁ | ၀ | ၀ | ၁ | ၀ | KMA Telemedia Holdings Co., Ltd | https://www.channelkmyanmar.com |
| ၉ | YTV | YTV | ၁ | ၁ | ၀ | ၀ | ၁ | ၀ | MY MULTIMEDIA Co., Ltd | https://ytvmm.com |
| ၁၀ | FORTUNE TV | fortune tv | ၁ | ၁ | ၀ | ၀ | ၁ | ၀ | Fortune Broadcasting Company Limited | http://www.fortune-myanmar.com |
| ၁၁ | MWD | MWD | ၁ | ၁ | ၀ | ၁ | ၀ | ၀ | Myanmar Armed Forces | http://www.myawady.net.mm |

## ရုပ်မြင်သံကြား ကြော်ငြာခြင်းစျေးကွက်အားချုံငုံသုံးသပ်ခြင်း



ရုပ်မြင်သံကြား ကြည့်ရှုနှုန်းသည် အခြား မီဒီယာများ ဖြစ်သော ဗွီဒီယို/ဒီဗွီဒီ/ဗွီစီဒီ၊ အင်တာနက်၊ ရေဒီယို၊ သတင်းစာ၊ ဂျာနယ် နှင့် မဂ္ဂဇင်း တို့ အနက် အမြင့်ဆုံးနေရာတွင်ဦးဆောင်နေပါသည်။ ဒီဗွီဒီ နှင့် သတင်းစာအား ကြည့်ရှုနှုန်း သည် ၂၀၁၅ ခုနှစ်မှစတင်ကာ ကျဆင်းခဲ့ပြီး ရေဒီယို နှင့် မဂ္ဂဇင်းတို့ အသုံးပြုနှုန်းသည်လည်း ၂၀၁၃ မှစတင်ကာ ကျဆင်းခဲ့သည်ဟု စစ်တန်းများအရ သိရပါသည်။

မြန်မာနိုင်ငံတွင်စီးပွားဖြစ် ရုပ်မြင်သံကြားကြော်ငြာခြင်းသည် အရေးပါဆုံးသော မီဒီယာတစ်ခု ဖြစ်ပါသည်။ ၎င်း၏ကျော်ကြားမှု မှာလည်းလတ်တလောနှစ်များတွင် မြင့်တက်လျက်ရှိနေသည်။

လုပ်ငန်းတစ်ခု၏ကြော်ငြာစရိတ်တွင် ရုပ်မြင်သံကြားကြော်ငြာခြင်း သည် ၇၀ ရာခိုင်နှုန်းကျော်ခန့်ပါဝင်နေ ပါသည်။ ကျန်ရှိနေသော မီဒီယာများဖြစ်သည့် ပုံနှိပ်မီဒီယာ၊ ပြင်ပကြော်ငြာ များဖြစ်သည့် ကြော်ငြာဆိုင်းဘုတ်၊ ဘတ်စ်ကားများ နှင့် တက်စီကား များပေါ်တွင်ကြော်ငြာခြင်းများ သည် ပျမ်းမျှ ၁၀ ရာခိုင်နှုန်းဝန်းကျင် ခန့်စီသာရှိကြတော့သည်။ ရုပ်မြင်သံကြားကြော်ငြာအများဆုံးအသုံးပြုသည့် အမျိုးအစားနှင့် အမှတ်တံဆိပ် များကိုလည်းဖော်ပြထားပါသည်။

| စဉ်. | ဇယား (၃) : ရုပ်မြင်သံကြားကြော်ငြာအများဆုံးအသုံးပြုသည့် အမျိုးအစား |
|---|---|
| ၁ | ရုပ်သံထုတ်လွှင့်ပြသသည့်လုပ်ငန်းများ |
| ၂ | ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများ |
| ၃ | ခေါင်းလျှော်ရည် နှင့် ဆံပင်ပျော့ဆေး |
| ၄ | မျက်နှာသန့်စင်ရေ |
| ၅ | သွားတိုက်တံ နှင့် သွားတိုက်ဆေး |

ရင်းမြစ်: Advertising Information Service (AIS), Nielsen MMRD

| စဉ်. | ဇယား (၄) : ရုပ်မြင်သံကြားကြော်ငြာအများဆုံးအသုံးပြုသည့် အမှတ်တံဆိပ်များ |
|---|---|
| ၁ | Nivea ၏ အသားအရည်ထိမ်းသိမ်း သည့် ထုတ်ကုန်များ |
| ၂ | Pond's အလှကုန်ပစ္စည်းများ |
| ၃ | MPT |
| ၄ | Lifebuoy ရေချိုးခန်းသုံး ပစ္စည်းများ |
| ၅ | Ooredoo |

ရင်းမြစ်: Advertising Information Service (AIS), Nielsen MMRD

## ရုပ်သံလိုင်းများအတွက်အစိုးရမှထုတ်ပြန်ထားသည့်လိုင်စင်ခွင့်ပြုချက်များ

အစိုးရ မှ ပုဂ္ဂလိက ရုပ်သံလွှင့် လုပ်ငန်းများအတွက် လိုင်စင်နှစ်မျိုးအားထုတ်ပြန်ထားပါသည်။ပထမ တစ်ခုမှာဂျိုဟ်တုစလောင်း မှထုတ်ပြန်သည့် Pay TV ရုပ်သံလိုင်းများထုတ်လွှင့်ပြသနေသော SkyNet မီဒီယာ နှင့် Forever Group တို့အတွက်ဖြစ်ပါသည်။ ထိုရုပ်သံလွှင့်လုပ်ငန်းများသည် ကြည့်ရှုသူများစ၏ လ စဉ် (သို့မဟုတ်) နှစ်စဉ်ကြေးပေးသွင်းသည်များမှအမိကဝင်ငွေများရရှိကြသည်။ ထို့အတွက်၎င်းတို့သည် ကြည့်ရှုသူ များလာစေရန်လူကြိုက်များစေမည့် ရုပ်သံလိုင်းများနှင့် နိုင်ငံတကာဘောလုံးပွဲများ ဖြင့် ဆွဲဆောင် ကြပါသည်။ SkyNet သည် Pay TV ရုပ်သံလိုင်းများ၏ ဈေးကွက်တွင် အမိကဦးဆောင်နေသော ရုပ်သံလွှင့်လုပ်ငန်း တ စ်ခုဖြစ်သည်။ အခြားလိုင်စင်ခွင့်ပြုချက်များသည်အခမဲ့ထုတ်လွှင့်ပြသနေသော ရုပ်သံလိုင်းများ နှင့် စစ်တပ်ပိုင်ရုပ်သံလိုင်း များဖြစ်သော Myawaddy Group၊ Forever Group ၏ MRTV-4၊ ရွှေသံလွင်မီဒီယာ (SkyNet) ၏ MNTV၊ Channel 7 နှင့် Channel 9 တို့ အတွက်ဖြစ်သည်။ ၎ င်းတို့သည် ကြော်ငြာများမှတဆင့် အမိကဝင်ငွေ များရရှိကြသည်။

## ရုပ်မြင်သံကြား ကြော်ငြာခြင်းဈေးကွက်၏လက်ရှိအခြေအနေ

စီးပွားရေးလုပ်ငန်းရှင်များသည်၎င်းတို့၏ကြော်ငြာများထိရောက်မှုရှိစေရန် လူကြည့်အများဆုံးအချိန်များပို**၍**ကြော်ငြာလိုကြသည်။ ရုပ်မြင်သံကြားမီဒီယာအား လူကြည့်များဆုံးအချိန်သည် ညနေ ၆ နာရီ မှ ၁၀ နာရီဝန်းကျင်အထိရှိသည်ဟု Nielsen MMRD ၏ ရုပ်မြင်သံကြားကြည့်ရှုသူများ တိုင်းတာခြင်းစစ်တမ်းအရ သိရပါသည်။ ကြော်ငြာပြသချိန်နည်းသော်လည်း စီးပွားရေးလုပ်ငန်းရှင်များ၏ထုတ်ကုန်များတို့မြင့်မှုတွင် ထိရောက်မှုအလွန်ရှိသည်ဟု သိရပါသည်။ အခြားမီဒီယာများ နှင့်ယှဉ်လျှင် ရုပ်မြင်သံကြားအသုံးပြု**၍**ကြော်ခြင်းမှရရှိသည့် အမြတ်အစွန်းသည်မူလအရင်းအနီးထက် တစ်စခွဲနီးပါး ခန့်ပြန်လ ည်ရရှိ သည်ဟု လေ့လာချက်များအရသိရပါသည်။ ရုပ်မြင်သံကြား မီဒီယာအသုံးပြု ထားသည် ကြော်ငြာများသည် အသွင်ပြင်အားဖြင့် ရှုမြင်ရသဖြင့် ကြော်ငြာသည့်ပစ္စည်းအားမှတ်မိလွယ်စေသည်။ ကြည့်ရှုသူများအနေဖြင့်လည်း ကြော်ငြာထားသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအကြောင်းသိရှိရုံသာမက ၎င်းတို့အတွက် ဖျော်ဖြေမှုရသ လည်း ရရှိစေသည်ဟု သိရပါသည်။





ယခုအခါကရုပ်မြင်သံကြားကြော်ငြာများသည် နိုင်ငံတကာစံချိန်စံညွှန်းများ နှင့်အညီခေတ်မှီ တိုးတက်လာပြီဖြစ်သည်။ များသောအားဖြင့် မြန်မာကြည့်ရှုသူများသည် ထုတ်ကုန်ပစ္စည်းများကို ကြော်ငြာတွင်သရုပ်ဆောင် သည့်သရုပ်ဆောင်များနှင့်တွဲကာမှတ်မိကြပါသည်။ ထို့ကြောင့်ပြည်တွင်းဖြစ်နှင့်ပြည်ပထုတ်ကုန်များ၏ကြော်ငြာများသည် ကျော်ကြားသောအနုပညာရှင်များကို အသုံးပြုကာ သရုပ်ဆောင် ကြော်ငြာပေးလေ့ရှိကြပါသည်။ ယခုအခါတွင် မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံ သည့်အခွင့်အလမ်းများ ပွင့်လင်းလာသဖြင့် နိုင်ငံခြား ကုမ္ပဏီများဖြစ်သော Unilever, Coca-Cola, Telenor, Oreedoo, Samsung နှင့် Hyundaiတို့သည်လည်း ေ ကြာ်ငြာ၏နယ်ပယ်အတွင်း ၄င်းတို့၏ထုတ်ကုန်ပစ္စည်း များတိုးမြှင့်ခြင်းများအတွက် အပြိုင်အဆိုင်ကြိုးစားနေကြပါသည်။ တချို့စီးပွားရေးလုပ်ငန်းများသည် ရုပ်မြင်သံကြား တွင်ကြော်ငြာခြင်း သာမကရုပ်မြင်သံကြားအစီ အစဉ်များဖြစ်သော မော်တော်ကားအစီအစဉ် များ၊ ပစ္စည်းအသစ်မိတ်ဆက်ခြင်း နှင့် တိုးမြှင့်ခြင်းအစီအစဉ်များတွင်မှာပါကြော်ငြာ ကြသည်ကိုတွေ့ရပါသည်။ တချို့စီးပွားရေးလုပ်ငန်းများသည် ၄င်းတို့၏ထုတ်ကုန်ပစ္စည်းများအား ပိုမိုကျယ်ပြန့်စွာတိုးမြှင့်ရန်အတွက် ဖျော်ဖြေရေးအထူးအစီအစဉ်များ နှင့်ဘောလုံးပွဲစဉ်များတွင်မှာပါ ထုတ်လွှင့်ပြသသည့်ကုန်ကျစရိတ်အား တာဝန်ယူ ထောက်ပံ့၍ ၄င်း အစီအစဉ်များပြသနေချိန်တွင် ထည့်သွင်းကြော်ငြာကြပါသည်။

## <u>ရုပ်မြင်သံကြား ကြေငြာခြင်းစျေးကွက်၏အခက်အခဲများ</u>

သို့သော်လည်း မြန်မာနိုင်ငံတွင် ရုပ်မြင်သံကြားကြော်ငြာခြင်းစျေးကွက်ကိုသက်ရောက်မှုရှိစေသည့် အခက်အခဲများစွာရှိနေသေးသည်။ လျှပ်စစ်မီးလုံလောက်စွာမရရှိခြင်း နှင့် ရုပ်မြင်သံကြားစက်ပိုင်ဆိုင်မှုနှုန်း နည်းနေခြင်းသည် ရုပ်မြင်သံကြားကြော်ငြာခြင်း၏ အကျိုးပြုခြင်းအတွက် အဓိကတားဆီးနေသော အချက် နှစ်ချက်ဖြစ်နေသည်။ ထိုအတားအဆီးများကိုကျော်လွှားနိုင်လျှင်ရုပ်မြင်သံကြားကြော်ငြာခြင်းစျေးကွက်၏ထိရောက်မှုသည် များစွာအကျိုးရှိစေမည်ဖြစ်ပါသည်။

## ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေအရ မူကြမ်းဥပဒေနှင့်ပတ်သက်၍ပြင်ဆင် သုံးသပ်ရေးနှင့် နည်းဥပဒေရေးဆွဲရေးကော်မတီ၏ (၁/၂၀၁၉) ညှိနှိုင်းအစည်း အဝေးကို ၂၀၁၉၊ မတ်လ ၁ ရက်နေ့တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင်ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုပ်သံလုပ်ငန်းများ စနစ်တကျ ညီညွတ်မျှတစွာ ဆောင်ရွက်နိုင်ရေးအတွက် ရုပ်မြင် သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြဋ္ဌာန်း ခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်း ဥပဒေ နှင့်အညီ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ နည်းဥပဒေ (မူကြမ်း) ကို ရေးဆွဲပြီး ဖြစ်ပါကြောင်း၊ ယင်းနည်းဥပဒေ(မူကြမ်း)ထဲတွင် ရုပ်သံလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်၊ အများပြည်သူအတွက် ရုပ်သံအစီအစဉ်ပေါင်းများစွာ ကြည့်ရှုနိုင်ရန်၊ ရုပ်သံလုပ်ငန်းများစွာလုပ်ကိုင်နိုင်လာရန် လမ်းဖွင့်ပေးသည့် အပိုင်း၊ အရည်အသွေးမနိမ့်ကျအောင် ထိန်းသိမ်းရသည့်အပိုင်းစသည့် ဆွေးနွေးသုံးသပ်ရမည့် ကဏ္ဍရပ်များစွာ ပါဝင်သည့်အတွက် ပြည့်ပြည့်စုံစုံ စဉ်းစားသုံးသပ်ပြီး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပြောကြားခဲ့ပါသည်။